hildren (US)၏ Myanmar Field Office တွင် (ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့ မျိုးဆက်ပွားကျန်းမာရေးစီမံချက်အရာရှိ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည် ။

၂၀၀၅-၂၀၀၆ခုနှစ် မေလ(မကွယ်လွန်မီ) အထိ Care Myanmar တွင် Assitant Health Program Coordinater အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည် ။

၂၀၀၆-ခုနှစ် မေလ ၁၉-ရက် Care Myanmar တွင် တာဝန်ထမ်းဆောင်လျက်ရှိစဉ် ရုတ်တရက် ကွယ်လွန်ခဲ့သည် ။ ကွယ်လွန်ချိန်တွင် ခင်ပွန်းဖြစ်သူ ဒေါက်တာစိန်လှကျော်(Myanmar ISSOS-Total Myanmar) နှင့် သားသုံးဦး ကျန်ရစ်သည် ။

## ဆရာမဝင်းဝင်းလတ်၏ ဖြတ်သန်းခဲ့သော အနုပညာမှတ်တိုင်များ

၁၉၇၄ ခုနှစ် ဩဂုတ်လထုတ် ရှုမဝမဂ္ဂဇင်းတွင် "စိတ်သိအိပ်မက်"ဝတ္ထုတိုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပါသည် ။ ဤသည် မှ အစပြု၍ ရှုမဝ၊ ဟန်သစ်၊ စန္ဒာ၊ စံပယ်ဖြူ၊ မဟေသီ မဂ္ဂဇင်းတို့ တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့ပါသည် ။

၁၉၉၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံတိုယိုတာဖောင်ဒေးရှင်းမှ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် "နားကြပ်ကို ကိုင်ဆောင် ကလောင်ကိုကိုင်စွဲ" အမည်ဖြင့် မြန်မာလူငယ်ဆရာဝန် ၁၂-ဦး ပါဝင်ရေးသားသော ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထုတ်ဝေခဲ့ရာ ဆရာမဝင်းဝင်းလတ်သည် လည်း စာရေးသူတစ်ဦးအဖြစ် ပါဝင်ရေးသားခဲ့ပါသည် ။

၁၉၉၀ ခုနှစ်အတွင်းမှာ ပင် အဆိုပါ ဖောင်ဒေးရှင်း၏ အစီအစဉ်ဖြင့်

ထုတ်ဝေသော မြန်မာအမျိုးသမီး စာရေးဆရာ(၁၂)ဦးစုစည်းရေးသား ထားသည့် ဝတ္ထုပေါင်းချုပ်တွင် လည်း စာရေးသူတစ်ဦးအဖြစ် ဆရာမပါဝင်ရေးသားခဲ့ပါသည် ။

ဆက်လက်၍ ဆရာမဝင်းဝင်းလတ်သည် မဟေသီမဂ္ဂဇင်းတွင် ဝတ္ထုရှည်ကို လုံးချင်းဝတ္ထု အဖြစ် ပြန်လည်ထုတ်ဝေသော "အချစ်၏ နောက်ဆက်တွဲစာမျက်နှာ"(၁၉၉၇ ခုနှစ်-ဝင်းစာပေ) (အဆိုပါ "အချစ်၏ နောက်ဆက်တွဲစာမျက်နှာ"ဖြင့် ၁၉၉၇ ခုနှစ်၊ အမျိုးသားစာပေဆု ဆွတ်ခူးရရှိခဲ့သည် ။)

"နန်းထဲမှာ ပင် အို...လေ့ ပျော်မရှင် (၁၉၉၇ ခုနှစ်-ဝင်းစာပေ)

"အချစ်စစ်၏ နောက်ဆက်တွဲစာမျက်နှာ" ဒုတိယအကြိမ် (၁၉၉၉ ခုနှစ်-ဝင်းစာပေ)

"ကတ္တီပါကားလိပ်များနှင့် အခြားဝတ္ထုတိုများ (၂၀၀၀ပြည့်နှစ်)၊ (ဝင်းစာပေ၊ တိုက်- ၃၈၊ အခန်း-၁၉၊ ဗဟိုစည်အိမ်ယာ၊ လမ်းမတော်မြို့နယ်မှ ထုတ်ဝေခဲ့)၊

"ဘဝအလုပ်နှင့် အချစ်ကိုတည်ဆောက်ခြင်း" (မဟေသီမဂ္ဂဇင်းတွင် ရေးသားဆဲ)၊

"အချစ်၏ နောက်ဆက်တွဲစာမျက်နှာ" တတိယအကြိမ်၊ (၂၀၀၇ ခုနှစ်- ယုံကြည်ချက်စာပေ)၊

"ရုံကလေးနှစ်ရုံ" နှင့် လက်ရွေးစင်ဝတ္ထုတိုများ (၂၀၀၉ ခုနှစ်-ရွှေသစ္စာစာပေ)၊

"အောက်မေ့ဖွယ်သူ" (၂၀၁၀ ခုနှစ်-ရွှေသစ္စာစာပေ)

တို့ ကို ရေးသားထုတ်ဝေခဲ့ပါသည် ။

ကျွန်မထံ အလိုအပ်ဆုံးအချိန်မှာ ရောက်လာတာလို့ ဆိုနိုင်ပါတယ်။ ရခိုင်ငှက်ဖျားနဲ့ ပထမဆုံးမိတ်ဆက်မိနေတဲ့ အချိန်၊ ဆေးတွေအကြိမ်များစွာ သောက်ဖြစ်ခဲ့သလို ဆရာ့ဆောင်းပါးကိုလည်း အကြိမ်များ စွာ ဖတ်ဖြစ်ခဲ့ပါတယ်။ ဖတ်ရင်း မျက်ရည်လည်မိတာ ဝန်ခံချင်ပါတယ်။ ကျွန်မဝတ္ထုအပေါ် ဒီလောက် ခံစားပေးနိုင်လိမ့်မယ်လို့ ဘယ်သူ့အပေါ်မှာ မှ မမျှော်လင့်ခဲ့မိဘူး။ ရခိုင်ငှက်ဖျားကနေ ဆရာဆူဒိုနင်ရဲ့ ဆောင်းပါးနဲ့ နေကောင်းခဲ့ရတယ်လို့ ပင် ဆိုနိုင်ပါတယ်။

တစ်လတည်း မဟေသီမှာ ပါခဲ့တာဖြစ်ပေမယ့် ကျွန်မ လအနည်းငယ်နောက်ကျပြီး ဖတ်ဖြစ်ခဲ့တာကတော့ ကြည်လင်အေးရဲ့ ကျွန်တော်တို့ဝန်းကျင်ထဲမှာ ပါဝင်တဲ့ ကျွန်မစာအုပ် ဝေဖန်ချက်ပါ။ ကျွန်မဇာတ်ကောင်တွေကို "ဆရာမရဲ့ ဝတ္ထုမှာ ဇာတ်ဆောင်တိုင်းရဲ့ ခံယူချက်နဲ့ ဘဝ အမြင်ကို ဒဿနသမားတွေရဲ့ စရိုက်သဘာဝမျိုးနဲ့ မဟုတ်ဘဲ ယေဘုယျလူသားတွေ ပြုမူပြောဆို တွေးခေါ်ပုံတွေနဲ့ ရေးသားတာဟာလည်း အင်မတန် သဘောကျဖို့ ကောင်းပါတယ်"လို့ ဝေဖန်ထားပါ တယ်။

စာရေးဆရာတွေ ရသစာပေတစ်ပုဒ်ဖန်တီးတယ်ဆိုတာ တကယ့်ဖြစ်ရပ်မှန်လို့ ထင်ရအောင်၊ သဘာဝနဲ့ တူအောင် သဘာဝအတုတစ်ခုဖန်တီးပေးဖို့ တာဝန်ရှိတာမို့ ဆရာရဲ့ ဝေဖန်စာဟာ ကျွန်မကို စိတ်သက်သာရာ ရသွားစေပါတယ်။ ဝမ်းလည်း သာမိတယ်။

အောက်တိုဘာ ၁၉၉၇ မှာ တော့ မြားနတ်မောင်မဂ္ဂဇင်းမှာ ဆရာ 'မောင်ခိုင်လတ်'၊ ရန်နံ့သစ် မဂ္ဂဇင်းမှား 'ဆရာမိုးရဲ'၊ 'ဆရာဖေမြိုင်'တို့ ရဲ့ ကျွန်မစာအုပ်အပေါ် ဝေဖန်ချက်ဆောင်းပါးကို ဖတ်လိုက်ရသည် ။

ဆရာမောင်ခိုင်လတ်က ကျွန်မစာအုပ်တင်မက စာရေးသူ ကျွန်မအပေါ်ကျွန်မစာတွေက တစ်ဆင့် သူမြင်မိတဲ့ အမြင်ကို

အရွယ်လည်း ရသော ဆရာဝန်ကြီးတစ်ဦးဖြစ်သည် ။ သဘောကောင်း သူပင်ဖြစ်ပေမယ့် အလုပ်ခွင်အတွင်းမှာ တော့ စည်းကမ်းကြီးသည် ၊ စည်းကမ်းတင်းကျပ်သည် ဟု ပင် ဆိုနိုင်၏။ သူ့စည်းဘောင်အတွင်းရောက်လာ သိပါးရင်တော့လား ခွဲစိတ်ခန်းတစ်ခုလုံး တုန်သွားမတတ် တုံ့ပြန်တတ်ပေသည် ။

မမကတော့ လူနာ၊ ဆရာဝန်ဆက်ဆံရေးတွင် သာ စည်းထားတတ်ပေမယ့် လုပ်ဖော်ကိုင်ဖက်ချင်း အပေါ်မှာ တော့ လိုက်လိုက်လျောလျောရှိလွန်းသည် ။ ပြောသာပြောရ၊ နယ်တွင် အထူးကုဆရာဝန်အဖြစ်က ရန်ကုန်လိုမြို့ကြီးမှ အထူးကုများ လို လက်ထောက်ဆရာဝန်များ နှင့် သီးခြားကင်းရှင်းစွာနေလို့ မရ။ နယ်ဆေးရုံတစ်ရုံရဲ့ လုပ်ငန်းလည်ပတ်မှုက အချင်းချင်းစည်းလုံး ရိုင်းပင်းနားလည်ခွင့်လွှတ်မှု၊ လုပ်ငန်းတာဝန်မခွဲခြားမှုတို့ အပေါ် များ စွာတည်နေသေးသည် ။

မမက သည်းခံတိတ်ဆိတ်နေလေ ထိုအမျိုးသမီးငယ်က ပိုမိုရဲတင်းလာခဲ့လေ။ စင်စစ် ဆေးရုံတစ်ရုံလုံးကသိပေမယ့် မသိယောင်ပြုကာ မမပြောသမျှကိုသာ လက်ခံနားထောင်နေကြခိုက် လူထူပြီဆိုလျှင် 'ဒေါ်မူယာတင်'က မမရဲ့ အတိတ်ကို တူးဆွတတ်မြဲပေ။

သည် နေ့လယ် ခွဲစိတ်နေစဉ်ကိုပဲကြည့်။ အသည်း၊ ဘေလုံးတွေများ ထိခိုက်ပေါက်ပြဲသွား သလား ရှာဖွေနေသည့်အချိန်တွင် မှ မေ့ဆေးတာဝန်ယူထားသော ဒေါက်တာမူယာတင်က အမှတ်မထင်လို

“မမကြားပြီးပြီလား။ ဆရာက သူ့ဝါဒ်ထဲက စတပ်(ဖ်)တစ်ယောက်နဲ့ ငြိနေကြပြန်သတဲ့ ။ ဆရာ့ဆေးရုံက မူယာ့သူငယ်ချင်း လက်ထောက်ဆရာဝန်ဆီကရတဲ့ သတင်းဆိုတော့ ယုံကြည်လောက်တဲ့ သတင်းဌာနကလို့ ဆိုရမှာ ပေါ့နော် မမ။ ဆရာကစွံကိုစွံတာ ထင်ပါရဲ့ ။ အဟင်း ဟင်း”

